ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊ (22-7-2010) (၆၄၆၇)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော်　　ဇူလိုင်　　၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်း ပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုတစ်ဝန်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ရာတွင် ယနေ့ထက် မနက်ဖြန် ပိုမိုတိုးတက်လာရမည်၊ မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ သားစဉ်မြေးဆက် ဖွံ့ဖြိုးတိုးတက်စေရမည်၊ ပြည်ထောင်စုနယ်မြေဒေသအားလုံး တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် ခိုင်မာသောခံယူချက်များနှင့် မျက်ခြည်မပြတ် ဖော်ဆောင်ပေးနေ

နေပြည်တော်　　ဇူလိုင်　　၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာရာ နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း ဟသ်ာတမြို့သို့ ရောက်ရှိသည်။

ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်းတွင် ရထား စတင်ပြေးဆွဲစဉ်။
(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဧရာဝတီတိုင်း ဟသ်ာတမြို့ရှိ ဟသ်ာတဘူတာယာဒ်ဝင်းအတွင်း၌ ကျင်းပသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိသော ဟသ်ာတ- ခနောင်တို- ဧရာမြို့- စကြော့ (ညောင်တုန်း) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ဟသ်ာတ-ဇလွန်လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး **စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆

၂၂-၇-၂၀၁၀
(ကြာသပတေးနေ့)

ကျန်းမာရေးစာဖတ်ဝိုင်းများ အခြေပြု ကျေးလက်အရောက် အသိပညာပေးမှု တိုးမြှင့်

နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး ကြိုးပမ်းဖော်ဆောင်ရာတွင် လူတိုင်း စာတတ်မြောက်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၄ ရာခိုင်နှုန်းကျော်ရှိရာ စာတတ်သူ၊ စာဖတ်သူဦးရေ တစ်စတစ်စ တိုးပွားလာလျက်ရှိသည်။

စာတတ်မြောက်မှု မြင့်မားသည့်နိုင်ငံများတွင် ကျန်းမာရေးအဆင့်အတန်း တိုးတက်လျက်ရှိသည်။ စာတတ်မြောက်ခြင်းသည် သိမှု၊ နားလည်မှု၊ တတ်မြောက်မှုတို့၏ အခြေခံဖြစ်ရာ ကျန်းမာရေး၊ ပျော်ရွှင်ချမ်းမြေ့ရေးတို့၏ အဓိကသော့ချက်ဖြစ်သည်။ စာဖတ်ဝန်းကျင်ကောင်း၊ အသိပညာပေးစာကောင်းပေကောင်းများ အလွယ်တကူ ဖတ်ရှုနိုင်ရေး ဖန်တီးပေးရာတွင် ကျန်းမာရေးစာဖတ်ဝိုင်းများ ထူထောင်ပေးခြင်းသည် များစွာအထောက်အကူပြုသည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကုသမှုလုပ်ငန်းများနည်းတူ ရောဂါကြိုတင်ကာကွယ်ရေးသည် အရေးပါသည်။ ရောဂါမဖြစ်ပွားစေရေး၊ ရောဂါမကူးစက်စေရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ကျန်းမာရေးအသိပညာ ရှိနေရန် အထူးလိုအပ်သည်။

လူတိုင်း လူတိုင်းက တစ်ကိုယ်ရေသန့်ရှင်းမှု အစဉ်ဂရုပြုပြီး လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ စားကြွင်းစားကျန်များ စနစ်တကျ စွန့်ပစ်ခြင်း၊ မိမိနေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းစေခြင်းတို့သည် အခြေခံအကျဆုံး လုပ်ဆောင်ကြရမည့် လုပ်ငန်းများဖြစ်သည်။ အဆိုပါ ကျန်းမာရေးအသိပညာပေးမှုများကို ကျေးလက်ကျန်းမာရေး စာဖတ်ဝိုင်းများက ထောက်ကူပေးနိုင်မည်ဖြစ်သည်။

ကျေးလက်ကျန်းမာရေး စာဖတ်ဝိုင်းများတွင် အချိန်ကန့်သတ်မှုမထားဘဲ လူရှစ်ဦး၊ ၁၀ ဦးခန့်ပါဝင်ပြီး ကျန်းမာရေးစာပေများ စုပေါင်းဖတ်ရှု အသိပညာဖလှယ်နိုင်ကြသည်။ အချိန်ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်၊ ပိုစတာစသည်တို့ကို ဖတ်ရှုဆွေးနွေးနိုင်သည်။ ကျန်းမာရေး စာဖတ်ဝိုင်းများမှသည် ဆရာဝန်ကြီးများ၊ ပြင်ပကျန်းမာရေးဆောင်းပါးရှင်များနှင့် ဆက်သွယ်၍ ဟောပြောပွဲများ ကျင်းပ အသိပညာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

စာပေတတ်မြောက်ဖတ်ရှုလျှင် အနာလည်းသိ ဆေးလည်းရှိ၍ အသိကြွယ်ကာ၊ ကာကွယ်ကုသ ကျန်းမာနိုင်ကြပေမည်။ ကျန်းမာရေး စာဖတ်ဝိုင်းများ ထူထောင်ပေးခြင်းသည် ကျန်းမာရေး အသိပညာပေးမှု လုပ်ငန်းများ ကျေးလက်ဒေသအထိ ရောက်ရှိနိုင်ပြီး ပြည်သူလူထုအခြေပြု တိုးမြှင့်ဆောင်ရွက်နိုင်ခြင်းဖြင့် လူတိုင်းအသက်ရှည် ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် ဇူလိုင် ၂၁

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် ရဲမေများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများသည် ဗိုလ်လုပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

တံခွန်စိုက်ဆုပေးအပ်

ထို့နောက် ဆုရရှိသော အားကစားသမားများနှင့် ပြိုင်ပွဲဝင်အသင်းများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိသော မြိတ်တပ်နယ်အသင်းအား တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းများ အင်္ဂလိပ်စာသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းများ အင်္ဂလိပ်စာသင်တန်း အမှတ်စဉ်(၂)ဖွင့်

နေပြည်တော် ဇူလိုင် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းများ အင်္ဂလိပ်စာသင်တန်း အမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီးဦးကျော်မြင့်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ ရုံးအဖွဲ့မှူး ဦးစိန်အေးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိမ္မွေးကုတက္ကသိုလ် ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇူလိုင် ၂၁

၁၉၈၂-၈၅ ခုနှစ် တိမ္မွေးကုတက္ကသိုလ် ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်၍ သူငယ်ချင်းများအားလုံး ပြန်လည်ဆုံတွေ့နိုင်ရေးအတွက် မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ဒေါက်တာခင်မောင်မြင့် ဖုန်း-၀၉-၂၀၁ ၀၄၇၇၊ ဒေါက်တာဇော်လင်း ဖုန်း- ၀၉-၂၀၀၅၂၈၉၊ ဒေါက်တာခင်မောင်ဇော် ၀၉-၂၀၂၅၂၈၃၊ ဒေါက်တာတင်ဦး ဖုန်း-၀၉-၈၀၂၅၁၄၁၊ ဒေါက်တာတင်ဗိုဗို ဖုန်း-၀၉-၅၁၇၄၂၂၆၊ ၀၁-၂၂၈၆၆၅၊ ဒေါက်တာခင်မောင်ဝင်း ဖုန်း-၀၉-၅၀၀ ၇၇၉၅၊ ဒေါက်တာထွန်းလင်းအောင် ဖုန်း-၀၉-၈၆၂၅၅၃၃၊ ဒေါက်တာမြသီတာ ဖုန်း-၀၁-၇၃၀၄၉၀၆၇၊ ဒေါက်တာအေးအေးမော် ဖုန်း-၀၉-၅၀၂၉၀၈၈နှင့် ဒေါက်တာနီနီစိုး ဖုန်း-၅၄၀၇၃၈၊ ၃၇၃ ၀၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဖခင် ဦးငွေတင်-မိခင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ဆယ် (လူမှုထူးချွန်ပထမဆင့်)၊ ခင်ပွန်း ဦးမြင့်သိန်းတို့အား ရည်စူး၍ နဝဒေးလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့နေ ဒေါ်သန်းသန်းလွင်နှင့် သားသမီး မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

မိုးစပါးစိုက် တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပစ္စည်းများ ပြည်မြို့နှင့် ကြို့ပင်ကောက်မြို့တို့၌ ပေးအပ်

နေပြည်တော် ဇူလိုင် ၂၁

ခေတ္တရာဟံသာ ဆန်စပါးအထူးပြု ကုမ္ပဏီက မိုးစပါးစိုက် တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပစ္စည်းများ ပေးအပ်ပွဲကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ပြည်မြို့ ခေတ္တရာခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့ တက်ရောက်အမှာစကားပြောကြားကြပြီး ခေတ္တရာဟံသာ ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်က ကျေးရွာ ၇၃ ရွာမှ တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ထုတ်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ရွှေဝါဟံသာ ဆန်စပါး အထူးပြု ကုမ္ပဏီလီမိတက်က မိုးစပါး စိုက်တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပစ္စည်းများ ပေးအပ်ပွဲကို မွန်းလွဲ ၁ နာရီတွင် ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး ကုမ္ပဏီနှင့် တောင်သူတို့ ပူးပေါင်း၍ စပါးမျိုးသန့် စိုက်ပျိုးထုတ်လုပ်သည့် စိုက်ခင်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲကို ဩဂုတ် ၂၉ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီခမ်းမှာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်မိသားစုများ၏ အသက်(၇၅)နှစ်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့မည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူ၊ မြို့နယ်သားအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) ဖုန်း-၅၅၉၄၇၂၊ ဗိုလ်မှူးသန်းဆောင်(ငြိမ်း) ဖုန်း-၇၃၀၄၇၄၁၀၊ ဦးဇော်လင်း ဖုန်း-၅၇၂၁၆၂၊ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) ဖုန်း-၀၉-၅၁၄၇၉၀၄၊ ဦးမောင်မောင်လှ ဖုန်း-၇၃၀၄၄၆၀၉၊ ဦးသောင်းရွှေ ဖုန်း-၀၉-၉၉၇၃၆၈၀၊ ဦးသန်းထွန်း ဖုန်း-၅၇၁ ၇၅၆ နှင့် နီးစပ်ရာအမှုဆောင်များ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ဟင်္သာတ ဇူလိုင် ၂၁

ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဟင်္သာတ)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာ ပေးဟောပြောပွဲကို ဇူလိုင် ၈ ရက်က ဟင်္သာတမြို့ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးအောင်ဝင်း(ဝဲပုံ)နှင့် ဟင်္သာတ ခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဇော်ဇော်တို့က ပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးစာစောင်များ၊ လမ်းအသုံးပြုသူများ လက်စွဲစာအုပ်များနှင့် အလှူငွေများကို ကျောင်းအုပ်ကြီးထံ ပေးအပ်ကြောင်း သိရသည်။

(ခရိုင်ကညန)

ဝန်ကြီး ဦးဌေးဦး တာတမံများကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကဇင်းတော ကျေးရွာအနီးရှိ ဧရာဝတီမြစ်ရေဘေးကာကွယ်ရေး၊ ဧရာဝတီဟသ်ာတတာမ ကဇင်းတောပန်းတာ ခိုင်ခံ့ရေး ကြိုတင်ပြင်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက တာများ ကြံ့ခိုင်ရေးဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို မေးမြန်းဆွေးနွေးပြီး မျိုးကုန်ကျမှု နည်းပါး၍ ပျိုးသက်နုစိုက်ပျိုးနိုင်သည့် ပိုက်ဖြင့် ပျိုးထောင်မှုစနစ်၊ တီကျစ်စာ မြေဩဇာထုတ်လုပ်အသုံးပြုမှုစနစ်နှင့် စက်ကိရိယာအသုံးပြုရေးတို့ကို ရှင်းလင်းပြောကြားကာ တာတမံများ ကြံ့ခိုင်မှု အခြေအနေ၊ တာအိမှုတာလျှောမှု ကာကွယ်သည့် နည်းလမ်း၊ အရေးပေါ် ပစ္စည်း စုဆောင်းထားရှိမှုနှင့် ဆင်းသွယ်လတ်စပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာရှိ မျိုးသန့်စပါးအထူးဇုန် ဧက ၁၀၀၀ စိုက်ခင်းနှင့် တောင်သူလယ်သမားများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ကန္တနကျွန်းသာကုမ္ပဏီလီမိတက်၏ ပျိုးစေ့ထုတ်စံပြ စိုက်ကွင်းတို့၌ မျိုးသန့်စပါးစိုက်ပျိုး ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဟသ်ာတမြို့နယ် ဒူးယားကျေးရွာ၌ ဖြည့်စွက်ရေရရှိရန် လယ်ယာကွက်များ၌ ရေတွင်းတူးဖော်၍ စပါးစိုက်ပျိုးမှု၊ စက်ဖြင့်ထွန်ယက် မြေပြုပြင်မှုတို့ကို ကြည့်ရှုပြီး ဒူးယားကျေးရွာနှင့် ဟသ်ာတမြို့အကြား၌ မိုးစပါးစိုက်ပျိုးမှုနှင့် ဖြစ်ထွန်းအောင်မြင်နေသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ဟသ်ာတမြို့နယ် ဒူးယားကျေးရွာ၌ စက်ဖြင့်ထွန်ယက် မြေပြုပြင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်/ဆည်)

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေး စီမံကိန်းအဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော အဖွဲ့ဝင်ငါးဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ သို့ တရားမဝင်ရောက်ရှိနေသော မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေးနှင့် ကော့သောင်းမြို့မှ ရနောင်းမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီးသော ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစခန်းသစ်၏ နေ့စဉ်လုပ်ငန်းလည်ပတ်မှုကို ကြည့်ရှုစစ်ဆေးရန်၊ အဆိုပါစခန်းသစ်၌ မြန်မာအလုပ်သမားသစ်များအား ထိုင်းနိုင်ငံဘက်သို့ တရားဝင်စတင်စမ်းသပ်စေလွှတ်ခြင်း အခမ်းအနားသို့ တက်ရောက်ရန်နှင့် ထိုင်းအလုပ်သမားဝန်ကြီး မစ္စတာ ချလမ်ချိုင်း ဆရီအွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ပရပ်ချာကီရီခန်မြို့၌ ကျင်းပမည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ နိုင်ငံသားစိစစ်ရေးနှင့် အလုပ်သမားသစ်များ တင်သွင်းရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများဆိုင်ရာ အစည်းအဝေးပွဲများသို့ တက်ရောက်ရန် ဇူလိုင် ၁၄ ရက် မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၃ ရက်တွင် ကော့သောင်းမြို့သို့ ရောက်ရှိကာ မြန်မာအလုပ်သမားများအတွက် ယာယီမြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးစခန်းသို့ သွားရောက်၍ ထိုင်းနိုင်ငံ Innovative gloves Co., Ltd. က လိုအပ်နေသော မြန်မာအလုပ်သမားသစ် ၂၀၀ အနက် ကနဦး ၁၇ ဦးတို့အားစတင်စေလွှတ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်သိမ်း လိုက်ပါလျက် ထိုင်းအလုပ်သမားဝန်ကြီးနှင့်အတူ ရနောင်းမြို့ရှိ ယာယီ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်း၌ မြန်မာအလုပ်သမားသစ် ၁၇ ဦးအား ထိုင်းဘက်သို့ တရားဝင်လွှဲပြောင်းသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၁၅ ရက်တွင် ပရပ်ချာကီရီခန်မြို့ Anantara Hotel ၌ မြန်မာ-ထိုင်း နှစ်နိုင်ငံ နိုင်ငံသားစိစစ်ရေးနှင့် အလုပ်သမားသစ်များ တင်သွင်းရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် ပိုမိုလျင်မြန်သွက်လက်ရေးနှင့် အလုပ်သမားသစ်များ အချိန်မီစေလွှတ်နိုင်ရေး ကိစ္စရပ်များ သာမက မှတ်ပုံမတင်ရသေးသော ထိုင်းနိုင်ငံရောက် တရားမဝင်အလုပ်သမားများအား ဖမ်းဆီးတရားစွဲဆိုမှု မပြုရေးနှင့် မှတ်ပုံမတင်ရသေးသော တရားမဝင် မြန်မာအလုပ်သမားများအတွက် မှတ်ပုံတင်ကာလ သက်တမ်းပြန်လည် တိုးမြှင့်သတ်မှတ်ပေးရန် ကိစ္စများကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့သည်။

တိုက်တွန်းမှာကြား

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခရီးစဉ်ကာလအတွင်း ရနောင်းမြို့ရှိ Chotiwat ငါးသေတ္တာစက်ရုံ၊ ပရပ်ချာကီရီခန်မြို့ရှိ Siam Aloe Vera Co., Ltd. ၏ ရှားစောင်းလက်ပပ် ဖျော်ရည်စက်ရုံနှင့် Samutsakorn ပြည်နယ် N.A.P Services and Training Co., Ltd. တို့သို့ သွားရောက်ကာ အလုပ်ရုံပိုင်ရှင်များနှင့် မြန်မာအလုပ်သမားများအား တွေ့ဆုံပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ အစိုးရတို့က စေတနာကြီးစွာဖြင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော ထိုင်းနိုင်ငံသို့ တရားမဝင် ရောက်ရှိနေသော မြန်မာအလုပ်သမားများအား တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေး စီမံကိန်းနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်း ပြောကြားခြင်း၊ ၎င်းတို့၏ လိုအပ်ချက်များ၊ အခက်အခဲများကို မေးမြန်းဖြေကြားခြင်းနှင့် အားပေးစကားပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် အမိနိုင်ငံ၏ အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း တိုက်တွန်းမှာကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့် နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၊ အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးလှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးတို့ လိုက်ပါသွားကြပြီး ဇူလိုင် ၁၆ ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံ လေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေး ပညာပေးဆွေးနွေး

နောင်ချို ဇူလိုင် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မြို့တော်ခန်းမ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် ပညာပေး ဆွေးနွေးပွဲကျင်းပရာ အခမ်းအနားသို့ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ အင်အားစုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက အဖွင့်ဆွေးနွေးပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာချောချောနိုင်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဆွေးနွေးဟောပြောကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးကြောင်း သိရသည်။

(ကြေးမုံ)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မုံရွာမြို့ အောင်ဇေယျလမ်းမကြီး (ကမ်းနားလမ်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၄ ရက်က တာဝန်ခံအင်ဂျင်နီယာမှူး ဦးသင်းမင်းလတ် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ လိုက်လံရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂုသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (7 Layers Rainy Sales)
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၄)**
၈း၃၀	Sports World
၉း၀၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဟတ်ထိတယ်"
၉း၀၀	Activities In the City (ရခိုင်ပညာသင်ဆုချီးမြှင့်ပွဲ)
၉း၄၀	Science For All (သတင်းဆက်သွယ်ရေးနှင့် နည်းပညာသမိုင်း) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဇင်အောင်)
၁၀း၀၅	နွေးထွေးမှုများလွှမ်းခြုံထားတာ တိုင်းဧရာဝတီကျိုက်လတ်မှာ
၁၀း၂၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၀း၅၀	အာဟာရနှင့် ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်ဇင်)
၁၁း၂၀	ဈေးဝယ်လမ်းညွှန် (သိင်္ဂီရွှေဝါချည်ထည်များ)
၁၁း၄၀	လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်းစာဖတ်စို့
၁၁း၄၅	Activities In the City (ရခိုင်ပညာသင်ဆုချီးမြှင့်ပွဲ)
၁၂း၀၀	အဆင့်မြင့်ခေတ်မီသီရိမင်္ဂလာ ဈေးသစ်ကြီးဆီသို့
၁၂း၂၀	ရန်ကုန်တက္ကသိုလ်(ပင်မ) (၁၉၉၆-၂၀၀၂)ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား/သူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ
၁၂း၃၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၆) (ဦးခေါင်းနှင့် လည်ပင်းပိုင်း ကင်ဆာများ)
၁း၀၀	"ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Zaw Win Htut Emperor 25th Anniversary Live Show (Part-3)
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၄)**
၄း၃၅	နွေးထွေးမှုများလွှမ်းခြုံထားတာ တိုင်းဧရာဝတီကျိုက်လတ်မှာ
၅း၀၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဟတ်ထိတယ်"
၅း၃၀	**MRTV-4** ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	အနုပညာမိုးကောင်းကင်
၆း၄၅	Zaw Win Htut Emperor 25th Anniversary Live Show (Part-3)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဂီတသရုပ်ပြခန်း (ချစ်သုဝေ၊ ချစ်စုဝေ-တရှိုက်မက်မက်)
၉း၀၀	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၄)**
၁၀း၀၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၆) (ဦးခေါင်းနှင့် လည်ပင်းပိုင်း ကင်ဆာများ)
၁၀း၂၅	ဈေးဝယ်လမ်းညွှန် (သိင်္ဂီရွှေဝါချည်ထည်များ)
၁၀း၄၅	နည်းစနစ်မှန်မှန်ကော်ဖီစိုက်ပျိုးရန်
၁၁း၀၀	ရန်ကုန်မြင်ကွင်းကျယ် (7 Layers Rainy Sales)
၁၁း၀၅	ဂီတသရုပ်ပြခန်း (ချစ်သုဝေ၊ ချစ်စုဝေ-တရှိုက်မက်မက်)
၁၁း၄၀	အဆင့်မြင့်ခေတ်မီသီရိမင်္ဂလာ ဈေးသစ်ကြီးဆီသို့
၁၁း၅၅	အရသာနှင့် အာဟာရစုံစွာ ပျော်ဘွယ်မုန့်ကြွပ်မှာ
၁၂း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တက်ရောက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ကော့သောင်းမြို့ရှိ မြန်မာအလုပ်သမားများအတွက် ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစခန်းတွင် ထိုင်းနိုင်ငံ Innovative gloves Co., Ltd. က လိုအပ်နေသော မြန်မာအလုပ်သမားသစ် ၂၀၀ အနက် ကနဦး ၁၇ ဦးတို့အား စတင်စေလွှတ်သည့် အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ အကြမ်းဖက်မှုနှင့် ဆက်ဒမ်ဟူစိန်ပတ်သက်မှုမရှိ

ဗြိတိန်ပြည်တွင်း ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲဟောင်း အီရတ်စစ်ပွဲစုံစမ်းရေးအဖွဲ့ ကို ထွက်ဆို

လန်ဒန် ဇူလိုင် ၂၁

အီရတ်နှင့် အာဖဂန်စစ်ပွဲများကြောင့် ဗြိတိန်နိုင်ငံသည် အကြမ်းဖက်မှုအန္တရာယ်ကို ပိုမိုကြုံတွေ့ခဲ့ရကြောင်း ဗြိတိန်ပြည်တွင်းထောက်လှမ်းရေးအဖွဲ့ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် လေဒီမင်နင်ဟမ်းက အင်္ဂါနေ့တွင် ပြောကြားသည်။

ပြောကြား

ယင်းအပြင်အီရတ်စစ်ပွဲမတိုင်ခင်ကာလက ရရှိခဲ့သော ထောက်လှမ်းရေးသတင်းများသည် အီရတ်ကို ကျူးကျော်ဝင်ရောက်နိုင်ရေးအတွက် လုံလောက်သောအချက်အလက်များမဟုတ်ကြောင်း ၎င်းကပြောကြားသည်။

လေဒီမင်နင်ဟမ်သည် အီရတ်စစ်ပွဲဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့၏ရှေ့မှောက်၌ ယင်းသို့ပြောကြားခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားရာတွင် ၂၀၀၁ခုနှစ် စက်တင်ဘာ၁၁ရက်တွင်အမေရိကန်ပြည်ထောင်စု၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် ထိုစဉ်က အီရတ်သမ္မတဆက်ဒမ်ဟူစိန်တို့ ဆက်နွှယ်မှုရှိကြောင်း သက်သေပြနိုင်ရန် အထောက်အထားမရှိခဲ့ကြောင်း လေဒီမင်နင်ဟမ်းက ထွက်ဆိုသည်။

ဆုံးဖြတ်ခဲ့ခြင်းဖြစ်

စက်တင်ဘာ ၁၁ အကြမ်းဖက်မှုနှင့် ဆက်ဒမ်ဟူစိန်တို့ ဆက်နွှယ်နေကြောင်း အမေရိကန် စီအိုင်အေထောက်လှမ်းရေးအဖွဲ့ကသာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ပြည်တွင်းထောက်လှမ်းရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၀၂ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူ လေဒီမင်နင်ဟမ်းက ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဒီယာလာပြည်နယ် ဘာကူဘာမြို့ရှိ လောင်းကစားရုံတစ်ခုအနီး၌ ဇူလိုင်၁၉ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး၏ တိုက်ခိုက်မှုကြောင့် အမေရိကန်လေ့ကျင့်ရေးမှူးနှစ်ဦး သေဆုံး

ကဘူး ဇူလိုင် ၂၁

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း မာဇာအီ-ရှာရစ်ဖ်မြို့ရှိ စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးစခန်းတစ်ခု၌ အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး၏ ပစ်ခတ်မှုကြောင့် အမေရိကန်နိုင်ငံသား လက်နက်ခဲယမ်းဆိုင်ရာ လေ့ကျင့်ရေးမှူးနှစ်ဦး အင်္ဂါနေ့က သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အာဖဂန်တပ်ပြေးတစ်ဦး၏ ပစ်ခတ်မှုကြောင့်ဟဲလ်မန်ပြည်နယ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရပြီး ရက်သတ္တတစ်ပတ်အကြာတွင် အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုကြောင့် နိုင်ငံခြားတပ်ဖွဲ့များ ဆုတ်ခွာပါက အာဖဂန်ပြည်တွင်းရေးကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် နေတိုးတပ်ဖွဲ့က လေ့ကျင့်မှုများ ပေးလျက်ရှိသော အာဖဂန်တပ်ဖွဲ့ဝင်များ၏ အရည်အသွေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ပိုမိုကြီးထွားလာကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေရိကန် လေ့ကျင့်ရေးမှူးများကို ပစ်ခတ်တိုက်ခိုက်ခဲ့သော အာဖဂန်တပ်ဖွဲ့ဝင်မှာ တပ်သားသစ်တစ်ဦးလောသို့မဟုတ် သင်တန်းဆရာတစ်ဦးလော ဆိုသည်ကို ရှင်းလင်းစွာ မသိရသေးပေ။ ၎င်းသည် အခြားအာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး၏ပြန်လှန်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။

အင်တာနက်။

အီရတ်၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦး သေဆုံး

ဘာကူဘာ(အီရတ်) ဇူလိုင် ၂၁

အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်ရှိ မြို့တစ်မြို့တွင် အင်္ဂါနေ့က အသေခံ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦးသေဆုံးပြီး ၁၈ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုသည် ပြည်နယ်မြို့တော် ဘာကူဘာမြောက်ဘက် ကီလိုမီတာ ၁၂၀ခန့်အကွာရှိ ကာရာ-တီဘာမြို့ ဈေးတစ်ခုအတွင်း၌ အသေခံဗုံးခွဲသမားက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသောကားကို ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ပြင်းထန်သော ပေါက်ကွဲမှုကြောင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်သုံးလုံး ပျက်စီးခဲ့သည်ဟု ဆိုသည်။ သေဆုံးသူများထဲတွင် တစ်နှစ်ခွဲအရွယ်ရှိ ကလေးငယ်လည်း သေဆုံးခဲ့သည်ဟု သိရသည်။

တနင်္လာနေ့ ညပိုင်းကလည်း ဘာကူဘာမြို့ရှိ ကာဆီနို လောင်းကစားရုံအနီး ယာဉ်ရပ်နားသည့်နေရာ၌အသေခံကားဗုံးပေါက်ကွဲမှုကြောင့် လူခုနစ်ဦးသေဆုံးပြီး ၂၆ဦးဒဏ်ရာရရှိခဲ့သည်။

မြင့်တက်လာဖွယ်ရှိ

ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သော လူနေအိမ်များကို ရှင်းလင်းနေဆဲဖြစ်ရာ အသေအပျောက်နှုန်း မြင့်တက်လာဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွား အရပ်သားတစ်ဦး သေဆုံးပြီး ၁၁ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂၁

အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်နှင့် ဘဂ္ဂဒက်မြို့တို့၌ ဇူလိုင် ၂၁ရက်က ဗုံးပေါက်ကွဲမှုနှင့် သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုတို့ကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး ၁၁ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထုတ်ပြန်ပြောကြား

ဘဂ္ဂဒက်မြို့ အနောက်ပိုင်း အယ်လ်အမာရီယတ်ဒေသတွင် ကားတစ်စီး၌ ကပ်ထောင်ထားသော သံလိုက်ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားသည်။

သီးခြားတိုက်ခိုက်မှုတစ်ရပ်တွင် ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒိုရာခရိုင်တွင် ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များအနီး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဇူလိုင်၂၁ရက်တွင် ဘဂ္ဂဒက်မြို့အရှေ့ပိုင်းရှိ ပါလက်စတိုင်းလမ်း၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိသည်ဟုဆိုသည်။

ဒီယာလာပြည်နယ် ဘာကူဘာမြို့အနီးရှိ ခါလစ်မြို့၌ အိမ်တစ်လုံးကို သောင်းကျန်းသူများက ပစ်ခတ်ခဲ့ရာ မိသားစုဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။

အလားတူ အယ်လ်ခိုင်ဒါဆန့်ကျင်ရေး ဆွန်နီလက်နက်ကိုင်အုပ်စုဖြစ်သည့် နိုးကြားရေးကောင်စီအဖွဲ့၏ စစ်ဆေးရေးစခန်းအား သောင်းကျန်းသူများ ပစ်ခတ်မှုကြောင့် ယင်းအဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

၂၀၁၄ ခုနှစ်တွင် အာဖဂန်နစ္စတန်မှ ဗြိတိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည်

လန်ဒန် ဇူလိုင် ၂၁

၂၀၁၄ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံမှ ဗြိတိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည်ဟု ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟေ့ဂ်က ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။

ဗြိတိန်တပ်ဖွဲ့များ အာဖဂန်စစ်မြေပြင်၌ ကာလရှည်တပ်စွဲထားရခြင်းမျိုး မဖြစ်စေရန် အနာဂတ်ကာလတွင်အာဖဂန်နစ္စတန်တပ်ဖွဲ့များ ၎င်းတို့နိုင်ငံကို၎င်းတို့ကိုယ်တိုင် ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

၂၀၁၄ ခုနှစ်အရောက်တွင် နိုင်ငံခြားတပ်ဖွဲ့များကို မှီခိုခြင်းမပြုဘဲ အာဖဂန်နစ္စတန်၏ ပြည်တွင်းပြဿနာအရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အာဖဂန်အမျိုးသားတပ်ဖွဲ့သည် အင်အားတည်ဆောက်လျက်ရှိကြောင်း ဝီလျံဟေ့ဂ်က ပြောကြားသည်။

အာဖဂန်လက်နက်ကိုင် တပ်ဖွဲ့ဝင်အင်အားကို ၁၃၄၀၀၀ အထိ ရောက်ရှိရန် ရည်မှန်းထားကြောင်း၊ ယင်းရည်မှန်းချက်သည်လည်း ပြည့်လုနီးပါးရှိပြီ ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကားဗုံးပေါက်ကွဲမှုကြောင့် အီရတ်နိုင်ငံသား ၁၂ဦး သေဆုံး

ဘာကူဘာ ဇူလိုင် ၂၁

အီရတ်နိုင်ငံအလယ်ပိုင်း ဘာကူဘာမြို့ရှိ ဝတ်ကျောင်းတစ်ခုအနီး၌ ဗုဒ္ဓဟူးနေ့က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၂ဦး သေဆုံး၍ ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

ဘာကူဘာမြို့အရှေ့ဘက် ရှီးယိုက်များနေထိုင်ရာ အဘူဆာယေဒါခရိုင်၌ ယင်းကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဘူဆာယေဒါဒေသတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနိုင်သည်ဟု ယူဆသဖြင့် ရဲတပ်ဖွဲ့က ယင်းဒေသ၌ နေဝင်မီးငြိမ်းအမိန့်ထုတ်ပြန်ထားသည်။

သတိပေးပြောကြား

အီရတ်နိုင်ငံ၌ ညွန့်ပေါင်းအစိုးရ အဖွဲ့သစ်ကို ဖွဲ့စည်းရန် နှောင့်နှေးကြန့်ကြာနေပါက စစ်သွေးကြွများအနေဖြင့် ပြည်တွင်း၌ မငြိမ်မသက်မှုများ လုပ်ဆောင်ရန် အခွင့်အရေးရရှိသွားမည်ဖြစ်ပြီး အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း အမေရိကန်နှင့် အီရတ်တာဝန်ရှိသူများက သတိပေးပြောကြားထားသည်။

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၂၁

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၁ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၃၉၇ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၀၃၃၇ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၂၃၉၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၀၃၃၇ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇူလိုင် ၂၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇူလိုင် ၂၁ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၀၀၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၅၈၆ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၃၀၀၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၅၈၆ ဦး

အင်တာနက်။

✪ ကျောဖုံးမှ

ဆောင်ရွက်ထားရှိမှုကိုတင်ပြပြီး တောင်ကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်၊ ဟိုပုံးမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်း၊ ညောင်ရွှေမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းမြ၊ ဆီဆိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်းများနှင့် တက်ရောက်လာကြသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ တင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ကော်မရှင်အဖွဲ့ခွဲများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၈ ရက်တွင် ပင်လောင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၊ ဖယ်ခုံမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ကလောမြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့မှ အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီတွင် လွိုင်လင်မြို့နယ် နည်းပညာတက္ကသိုလ်(ပင်လုံ)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာစိုင်းခမ်းလှိုင်နှင့် ဒေါက်တာခင်မောင်နု၊ ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပွင့်နှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လွိုင်လင်ခရိုင် ကော်မရှင်အဖွဲ့ခွဲ၊ လင်းခေးခရိုင်ရှိ မြို့နယ် ၁၁ မြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ လွိုင်လင်မြို့နယ်နှင့် နမ့်စန်မြို့နယ်တို့မှ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းတင်နှင့် လွိုင်လင်မြို့နယ်၊ နမ့်စန်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ လဲချားမြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ ကျေးသီးမြို့နယ်နှင့် မိုင်းရှူးမြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ လင်းခေးခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းစံသိန်းနှင့် လင်းခေးမြို့နယ်၊ မိုးနဲမြို့နယ်၊ မောက်မယ်မြို့နယ်နှင့် မိုင်းပန်မြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ကော်မရှင်အဖွဲ့ခွဲများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာလာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် တနင်္သာရီတိုင်း ထားဝယ်မြို့ ယောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာလာဘိဝံသ ဆရာတော်ကြီးသည်(၁၃၇၂-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်) ဇူလိုင် ၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူး စစ်ကိုင်းတိုင်းအတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးသည် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၄ ရက်တွင် စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ၊ ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်လည်းကောင်း၊ ဇူလိုင် ၁၅ ရက်တွင် စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်လည်းကောင်း၊ ရွှေဘိုခရိုင်၊ ကလေးခရိုင်နှင့် တမူးခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ၊ ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် ကသာခရိုင်၊ မော်လိုက်ခရိုင်နှင့် ခန္တီးခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ၊ ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်လည်းကောင်း၊ ဇူလိုင် ၁၇ ရက်တွင် စစ်ကိုင်းတိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးများနှင့်လည်းကောင်း၊ ဇူလိုင် ၁၈ ရက်တွင် စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲဝင်များ၊ တိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူးများနှင့်လည်းကောင်း တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၊ မဲဆန္ဒရှင် စာရင်းများ၊ မဲရုံတည်နေရာနှင့် မဲပုံးလိုအပ်ချက် စာရင်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	အကပဒေသာ
၈း၃၀	၉။	စက်နှင့်စက်ကိရိယာပစ္စည်း စက်ရုံ(မြိုင်)
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၅	၃။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၅	၄။	ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄း၅၀	၅။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၀၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
၅း၁၅	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀	၈။	တေးဂီတအစီအစဉ်
၅း၃၀	၉။	သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၅း၄၀	၁၀။	ရောင်စုံရေးသီတေးပန်းချီ
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ပျော်ရွှင်စေသောနေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၁၅) (ငြိမ်းချမ်း၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀	၁၄။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသော ချစ်နှင်းဆီ"(ဒုတိယတွဲ) (အပိုင်း-၁၈)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ခေတ်အဆက်ဆက် အထိမ်းအမှတ်များ (စတူဒီယိုတေးသံရှင်များ၊ တေးရေး-မင်းချစ်သူ)
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမပိုင်း)(အပိုင်း-၅)**
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၆၂)**
	၂၂။	အစီအစဉ်ပြီး၏။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ဘားအံ ဇူလိုင် ၂၁

ကရင်ပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇူလိုင် ၅ ရက် နံနက်က ဘားအံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းလှ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးသက် **(အပေါ်ပုံ)**နှင့် ကရင်ပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ရဲခိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို ပရိဂျက်တာဖြင့် ရှင်းလင်းပညာပေးဟောပြော၍ အဆိုပါကျောင်းအတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ထုတ်ဝေသည့် မော်တော်ဆိုင်ကယ် အန္တရာယ်ဖြစ်မှု လျှော့နည်းကျဆင်းရေး စာအုပ်၊ စာတမ်းများကို ဖြန့်ဝေပေးကြောင်းသိရသည်။ (ပြည်နယ်ကညန)

မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်

ကော့ကရိတ် ဇူလိုင် ၂၁

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်က အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်တရားသူကြီး ဦးမြင့်ဦးက မြို့နယ်တရားရုံး ဆောက်လုပ်ပြီးစီးမှုကို တင်ပြကာ အထိမ်းအမှတ်အလံများ ပေးအပ်ပြီး အဆောက်အအုံသစ်အား နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးလှဖြိုးနှင့် ပြည်နယ်တရားသူကြီး ဦးစောစံလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရှိရသည်။ (ကြေးမုံ)

အလိမ္မာ စာမှာရှိ

ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီဖြစ်ပေါ်ရေး ပြည်မြို့၌ စာအုပ်စာစောင်များ လှူဒါန်း

ပြည် ဇူလိုင် ၂၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော စံ(၅)ရပ်နှင့်အညီ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်ရေးအတွက် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ မှုခင်း တပ်ဆွယ်မှ တပ်ဆွယ်မှူး ရဲအုပ် လှချို ဦးဆောင်၍ တပ်ဖွဲ့ဝင် မိသားစုများက ငွေကျပ် တစ်သိန်းသုံးသောင်း တန်ဖိုးရှိ မှုခင်းရှုထောင့်မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ် ၃၀၀ လှူဒါန်းပွဲကို ဇူလိုင် ၃ ရက်က မှုခင်းတပ်ဆွယ်မှူးရုံး၌ ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်နှင့် ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းတို့က လက်ခံယူကာ ဂုဏ်ပြုလက်မှတ်ပေးအပ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (တိုင်းပြန်/ဆက်)

GIS and Remote Sensing နည်းပညာအသုံးချသင်တန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ နည်းပညာဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေသုံးသပ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးနိုင်မှု နည်းပါးသည်ထက် နည်းပါးစေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် Myanmar Credent Technology တို့ပူးပေါင်း၍ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် GIS နှင့် Remote Sensing နည်းပညာ အသုံးချသင်တန်း (GIS and Remote Sensing Applications for Disaster Risk Management) သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၊ ၇၊ ၈၊ ၁၄ နှင့် ၁၅ ရက် (စနေ၊ တနင်္ဂနွေ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းတွင် သဘာဝဘေးအန္တရာယ် အမျိုးအစားများ၊ သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေသုံးသပ်ချက်၊ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရယူခြင်း၊ သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ဖြစ်ပေါ်နိုင်သော ပျက်စီးဆုံးရှုံးမှုအမျိုးမျိုး၊ ကြိုတင်ပြင်ဆင်ကာကွယ်မှု၊ စောင့်ကြည့်လေ့လာမှု၊ စီမံခန့်ခွဲမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုနည်းပါးစေရေးအတွက် အချိန်တိုအတွင်း စီမံချက်များရေးဆွဲခြင်း၊ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီနည်းပညာများဖြစ်သည့် ပထဝီသတင်းအချက်အလက်မြေပုံစနစ်(သို့မဟုတ်) သတင်းအချက်အလက်မြေပုံစနစ် (GIS-Geographic Information Systems)နှင့် ဂြိုဟ်တုဓာတ်ပုံ၊ ကောင်းကင်ဓာတ်ပုံအသုံးချခြင်း (Remote Sensing) နည်းပညာများကို သင်ကြားပို့ချမည်ဖြစ်ကြောင်းသိရသည်။

သဘာဝဘေး ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်လျက်ရှိသော အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့်လက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အသင်းဝင်များနှင့် ကျောင်းသားများအတွက် သင်တန်းကြေး ၂၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါသင်တန်းနှင့် ပတ်သက်၍ စိတ်ဝင်စားသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို Myanmar Credent Technology အဆောင်(၁)၊ အခန်း(၇)၊ Myanmar Info-Tech ဖုန်း-၆၅၂၂၈၅၊ ၆၅၂၂၈၆နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လှိုင်တက္ကသိုလ်ဝင်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၉၆၇၃၊ ၅၁၉၆၇၄၊ ၅၁၉၆၇၅၊ ၅၁၉၆၇၆ တို့သို့ ဆက်သွယ်စုံစမ်းအပ်နှံနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရအောင် အဟန့်အတားအမျိုးမျိုးကို ကျော်လွှားပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်

☆ **ရွှေ့ဖုံးမှ**

ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပို့ဆောင်ပေးနိုင်တော့မည်

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အခမ်းအနားမှာ ဟင်္သာတ-ခနောဖြူ-စကြေ့ာ(ညောင်တုန်း) ရထားလမ်း ၄၈ မိုင် ဖောက်လုပ်ရေးစီမံကိန်းမှ အရှည်မိုင် ၁၆ ဒသမ ၂၅ မိုင်ရှိသည့် ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်းကို ဖွင့်လှစ်လိုက်သော အခမ်းအနားပင်ဖြစ်ကြောင်း၊ ယခုရထားလမ်းသည် ပုသိမ်(ဘဲဂရက်) - ညောင်တုန်း - ရန်ကုန်(လှိုင်သာယာ) ရထားလမ်းနှင့် ဧရာဝတီတံတား(ညောင်တုန်း)အနီး၌ ဆက်စပ်ပေါင်းဆုံပြီး ယင်းတံတားမှတစ်ဆင့် ရထားလမ်းဖြင့် ရန်ကုန်ကို ခရီးဆက်သွားနိုင်မည်ဖြစ်ကြောင်း၊ ဤရထားလမ်းများ ဖောက်လုပ်ပြီးစီးသွားချိန်တွင် ဧရာဝတီတိုင်း၏ အဓိကထွက်ကုန်တွေဖြစ်သော ဆန်စပါး၊ ပဲအမျိုးမျိုး စသည့် လယ်ယာထွက်ကုန်များနှင့် ရေထွက်ကုန်ပစ္စည်းများသည် ရထားဖြင့် ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်ပေးနိုင်တော့မည် ဖြစ်ကြောင်း။

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးအခြေခံ အဆောက်အအုံများသည် အထူးအရေးပါသော အခန်းကဏ္ဍတွင် ရှိနေ၍ နိုင်ငံ့တာဝန်ကို စတင် ရယူထမ်းဆောင်ချိန်မှစ၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသတစ်ခုနှင့်တစ်ခု အကန့်အသတ်မရှိ ဆက်သွယ်သွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး အခြေခံကွန်ရက်များကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှုသည် တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာပြီး တိုင်းရင်းသားလူမျိုးများအားလုံးသည်လည်း တပေါင်းတစည်းတည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုတစ်ဝန်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ရာတွင်လည်း **ယနေ့ထက် မနက်ဖြန် ပိုမိုတိုးတက်လာရမည်၊ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ သားစဉ်မြေးဆက် ဖွံ့ဖြိုးတိုးတက်စေရမည်၊ ပြည်ထောင်စု နယ်မြေဒေသအားလုံး တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်စေရမည်**ဆိုသည့် ခိုင်မာသော ခံယူချက်များနှင့် အရှိန်အဟုန်မြင့်မြင့်ဖြင့် မျက်ခြည်မပြတ် ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း **"နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းရေး၊ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု တိုးပွားခိုင်မာစေရေးတို့အတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ယနေ့ထက် မနက်ဖြန်တွင် ပိုမိုတိုးတက်စေရအောင် မှန်ကန်သောနည်းလမ်းများဖြင့် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြဖို့"** လမ်းညွှန်မှာကြားခဲ့ကြောင်း။

လမ်းညွှန်ချက်နှင့်အညီ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့အစိုးရအဖွဲ့အနေဖြင့်နိုင်ငံတော်၏ မြေမျက်နှာသွင်ပြင် အနေအထားအရ ရေမြေခြားနားနေမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင်၊ ပြည်ထောင်စုအတွင်း နယ်စပ်ဒေသများပါမကျန် လမ်း၊ တံတားများ အပါအဝင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချ၍ ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံကာ ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်မတိုင်မီက ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆ မိုင်၊ ဘူတာရုံပေါင်း ၄၈၇ ရုံသာ ရှိခဲ့ရာမှ ယခုအခါ မီးရထားလမ်းမိုင် ၃၄၇၁ မိုင်နှင့် ဘူတာရုံပေါင်း ၈၈၄ ရုံတိုးတက်တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ထို့အပြင် စက်ခေါင်း၊ ရထားတွဲနှင့် ကုန်စည်တွဲများကို တိုးချဲ့တည်ဆောက်ခြင်း၊ အရည်အသွေးမြှင့်တင်ခြင်းအပြင် ကွန်ကရစ် ဇလီဖားတုံး စက်ရုံများကိုလည်း ဆောက်လုပ်ခဲ့ကြောင်း။

မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်နေသည့် တစ်ချိန်တည်းတွင် မော်တော်ကားလမ်းများကိုလည်း တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ကျေးရွာချင်းဆက်လမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာနိုင်ရန် ပြည်နယ်နှင့်တိုင်း ဆက်သွယ်သွားလာနိုင်သော လမ်းများနှင့် ပြည်ထောင်စုလမ်းမကြီးများ၊ လမ်းကွန်ရက်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အပြင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသလမ်းများကိုပါ အရှိန်အဟုန်ဖြင့် ဖောက်လုပ်ပေးခဲ့ကြောင်း။

ယခင်က ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်း စုစုပေါင်းလမ်းမိုင်နှစ်သောင်းကျော်သာ ရှိခဲ့ရာမှ ယခုအခါ စုစုပေါင်းလမ်းမိုင် ခုနှစ်သောင်းကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်မတိုင်မီက ပြည်ထောင်စုတစ်ဝန်း ကြည့်လိုက်လျှင် သဘာဝပထဝီအနေအထားကန့်သတ်ချက်များအရ တောင်-မြောက် သွယ်တန်းနေသောလမ်းများသာ အများစု တည်ရှိခဲ့သော်လည်း ယခုအခါ ရိုးမတောင်တန်းကြီးများကို ဖြတ်ကျော် ဖောက်လုပ်ထားသည့် အရှေ့-အနောက် ရထားလမ်းများ၊ မော်တော်ကားလမ်းများ အသစ်ဖောက်လုပ်ခဲ့ခြင်းနှင့်အတူ တံတားကြီးငယ်ပေါင်းများစွာကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း မြစ်ကူး၊ ချောင်းကူးတံတားများကိုလည်း တည်ဆောက်ပေးနေဆဲဖြစ်ကြောင်း။

အလွယ်တကူသွားလာ

ယခုအခါ ဤတံတားများကို အသုံးပြုပြီး မြန်မာနိုင်ငံမြောက်ဖျားပူတာအိုမြို့မှ တောင်ဘက်ဖျားကော့သောင်းအထိ လည်းကောင်း၊ မြန်မာနိုင်ငံ အရှေ့ဖျားမြို့များမှ အနောက်ဖျား စစ်တွေမြို့အထိ လည်းကောင်း ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသအားလုံး အရှေ့-အနောက်-တောင်-မြောက်၊ အထက်-အောက်-ဝဲ-ယာ အရပ်လေးမျက်နှာကို အလွယ်တကူ ဆက်သွယ်သွားလာနေကြပြီဖြစ်ကြောင်း။

လေကြောင်းဆက်သွယ်ရေး

လေကြောင်းဆက်သွယ်ရေးကဏ္ဍတွင်လည်း လေယာဉ်ကွင်းသစ်များ တည်ဆောက်ခြင်း၊ မူလရှိပြီး လေယာဉ်ကွင်းများကို အဆင့်မြှင့်တင်တိုးချဲ့ခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါ အပြည်ပြည်ဆိုင်ရာလေဆိပ်နှစ်ခုအပါအဝင် လေယာဉ်ကွင်းပေါင်း ၇၀ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် ပြည်တွင်းရေကြောင်းဆိပ်ကမ်းများကို အဆင့်မြှင့်တင် တည်ဆောက်ပေးခဲ့သကဲ့သို့ နိုင်ငံတကာအဆင့်မီ ခေတ်မီရေနက်ဆိပ်ကမ်းများကိုလည်း စီမံကိန်းအဆင့်ဆင့် ချမှတ်ကာအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်နေခဲ့ရသော နေရာဒေသရှိ ဒေသခံပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး သွားရေး၊ လာရေး လွယ်ကူစေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေခံများ တိုးတက်လာစေရန်ဆိုသည့် စိတ်ရင်းစေတနာမှန်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း။

ညီညွတ်မှုစွမ်းအား

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရအောင် ပြည်တွင်းပြည်ပ အနှောင့်အယှက်၊ အဟန့်အတားအမျိုးမျိုးကို ကျော်လွှားပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ယခုကဲ့သို့ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်၏ စစ်မှန်သောအင်အားသည် မိမိနိုင်ငံအတွင်းမှာပင်ရှိကြောင်း၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် ခိုင်ခိုင်မာမာ ရပ်တည်ပြီး အမှီအခိုကင်းသော နိုင်ငံဖြစ်အောင်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး သိက္ခာရှိရှိ ရပ်တည်နိုင်အောင် မိမိတို့အားလုံး ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ မြန်မာပြည်သူများကသာ အလိုလားဆုံးဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာသည့် မြန်မာ့လူ့အဖွဲ့အစည်းတွင် တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝများလည်း စဉ်တိုက်ဆက်တိုက် ဖွံ့ဖြိုးတိုးတက်ပြီး သားစဉ်မြေးမြစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားနေအောင် မိမိတို့ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခု မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေမှုမှန်သမျှသည် နောင်လာနောက်သားမျိုးဆက်သစ်လူငယ်များအတွက် အခြေခံအုတ်မြစ်များဖြစ်ကြောင်း၊ ယင်းအခြေခံအုတ်မြစ်များကို လက်ဆင့်ကမ်း သယ်ဆောင်ကာ အကျိုးရှိရှိ ရယူအသုံးချပြီး စဉ်ဆက်မပြတ် ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

ပိုပြီးတိုးတက်ရမည်

မိမိတို့၏ သားသမီးများလက်ထက်တွင် မိမိတို့ လက်ထက်ကထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်ရမည် ဖြစ်ကြောင်း၊ မိမိတို့၏ မြေးမြစ်များလက်ထက်တွင် မိမိတို့ သားသမီးများလက်ထက်ကထက်

စာမျက်နှာ ၇ ကော်လံ ၁ သို့❁

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟင်္သာတ-ဇလွန်ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီး ဦးဌေးဦး၊ ဝန်ကြီး ဦးတင်ထွတ်၊ ဝန်ကြီး ဦးသိန်းညွန့်၊ ဝန်ကြီး ဦးအောင်မင်းနှင့် ဝန်ကြီး ဦးသိန်းအောင်တို့ ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဇလွန်ဘူတာ၌ ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရသော နေရာဒေသရှိ ဒေသခံပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး သွားရေး၊ လာရေး လွယ်ကူစေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေခံများ တိုးတက်လာစေရန်ဆိုသည့် စိတ်ရင်းစေတနာမှန်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းပင်ဖြစ်။

❀ **စာမျက်နှာ ၆ မှ**

ပိုပြီးသာလွန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်နေရမည်၊ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းများ သာလွန်တိုးတက်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ် အလျှံအပယ်ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သဖြင့် ကြွယ်ဝလှသောအရင်းအမြစ်များကို မိမိတို့၏ ပေါင်းစည်းညီညွတ်သည့်အား၊ မိမိတို့၏ စွမ်းရည်များနှင့် ပေါင်းစပ်ပြီး မိမိတို့နိုင်ငံခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိတို့နိုင်ငံသားတိုင်း အလုပ်ကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်ကြရန် လိုအပ်ကြောင်း။

ကြိုးစားလုပ်ကိုင်

ဤရထားလမ်းသည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့် စေတနာ၊ မှန်ကန်သည့် ရပ်တည်ချက်တို့မှ ပေါက်ဖွားလာသော အကျိုးရလဒ်ကောင်းအဖြစ် ခံယူပြီး မိမိတို့၏ လူမှုစီးပွားဘဝ သာယာဝပြော တိုးတက်မြင့်မားလာအောင် အလုပ်ကို ကြိုးစား လုပ်ကိုင်ရန်၊ ဤရထားလမ်းကြီး သားစဉ်မြေးဆက်တိုင် အသုံးချနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက အမှာစကားပြောကြားရာ၌ နိုင်ငံတစ်ဝန်းတွင် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ရောဝတီတိုင်း နယ်မြေအတွင်း ကားလမ်းအဖြစ် ပုသိမ်-မုံရွာကားလမ်းမကြီးနှင့် ရထားလမ်းများကို ဖောက်လုပ်ပေးခဲ့ပြီဖြစ်ကြောင်း။

တက်ညီလက်ညီ

နိုင်ငံတော်၏ စေတနာထားဆောင်ရွက်မှုများအပေါ် ရောဝတီတိုင်းအတွင်းရှိ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဆုတ်မနစ်သောဇွဲ၊ လုံ့လတို့ဖြင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ဖွင့်လှစ်သော ဟသ်ာတ-ဇလွန်ရထားလမ်းခရီး ၁၆ ဒသမ ၂၅ မိုင်ကို ဖောက်လုပ်ချိန်ငါးလတာကာလအတွင်း ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဝန်ထမ်းများ၏ ဆောင်ရွက်ချက်စွမ်းပကားများကို မှတ်တမ်းတင်ပါကြောင်းနှင့် ဒေသခံမိဘပြည်သူများကလည်း ယနေ့ဖွင့်လှစ်သော ဟသ်ာတ-ဇလွန် ရထားလမ်းအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း အသုံးပြုနိုင်ရေးအတွက် အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက် သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

တစ်ခုတည်းသောထွက်ပေါက်

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်းဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ယခင်က ရောဝတီတိုင်း၏ သယံဇာတများ၊ ထွက်ကုန်များကို ဟသ်ာတမှတစ်ဆင့် ရန်ကုန်သို့ တင်ပို့ခဲ့ရ၍ ဟသ်ာတမြို့သည် ရောဝတီတိုင်း၏ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်ခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က ဟသ်ာတမြို့သို့ ရောက်ရှိစဉ် ဟသ်ာတမြို့မှ ရန်ကုန်သို့ ရထားလမ်း ဖောက်လုပ်ပေးရန် ခွင့်ပြုပေးခဲ့ကြောင်း။

တစ်ပြိုင်တည်းဖောက်လုပ်

ယနေ့ဖွင့်လှစ်သော ဟသ်ာတ-ဇလွန် ရထားလမ်းသည် ၁၆ ဒသမ ၂၅ မိုင် အရှည်ရှိပြီး ဟသ်ာတ-ညောင်တုန်း ရထားလမ်း ၄၈ မိုင်စီမံကိန်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း၊ပုသိမ်-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း ၈၉ မိုင်ကိုလည်း တစ်ပြိုင်တည်း ဖောက်လုပ်လျက်ရှိရာ ဟသ်ာတ-ညောင်တုန်း ရထားလမ်းသည် အဆိုပါ ရထားလမ်းမှတစ်ဆင့် ရန်ကုန်(လှိုင်သာယာ)သို့ သွားရောက်နိုင်တော့မည်ဖြစ်ကြောင်း။

ရထား ပို့ဆောင် ရေး ဝန်ကြီး ဌာန ဝန်ကြီးဦးအောင်မင်း ဟသ်ာတ-ဇလွန် ရထား လမ်း ပိုင်း ဖောက် လုပ် ရေး စီမံကိန်း နှင့် စပ်လျဉ်း ၍ ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေနှင့် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ရောဝတီတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ် ဌာန ချုပ် တိုင်း မှူး ဗိုလ်ချုပ် ကျော်ဆွေ ဟသ်ာတ-ဇလွန် ရထား လမ်းပိုင်း ဖွင့်ပွဲ အခမ်း အနား တွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီး ဦးဌေးဦး၊ ဝန်ကြီး ဦးတင်ထွတ်၊ ဝန်ကြီး ဦးသိန်းညွန့်၊ ဝန်ကြီး ဦးအောင်မင်းနှင့် ဝန်ကြီး ဦးသိန်းအောင်တို့က ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲနေစဉ်။

(သတင်းစဉ်)

❖ စာမျက်နှာ ၇ မှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်း ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲမည့် အထူးရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အထူးရထားဖြင့် လိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

တပျော်တပါးနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးရထားဖြင့် ဟင်္သာတဘူတာမှ ဇလွန်ဘူတာအထိ လိုက်ပါစီးနင်းကြပြီး ရထားလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြရာ ရထားလမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများက တပျော်တပါးနှုတ်ဆက်ကြသည်။

လိုက်လံနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇလွန်ဘူတာသို့ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် အကအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ဟင်္သာတ-ဇလွန်ရထားလမ်းပိုင်းကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် စတင်အကောင်အထည်ဖော် ဖောက်လုပ်ခဲ့ပြီး ခရီးမိုင်အရှည်မှာ ၁၆ ဒသမ ၂၅ မိုင်ရှိသည်။ လမ်းပိုင်းတွင် တံတားကြီးငယ်စုစုပေါင်း ၂၅ စင်းနှင့် ဘူတာရုံ သုံးရုံပါရှိသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟင်္သာတ-ဇလွန် အထူးရထားဖြင့် လိုက်ပါကြမည့် သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

“နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းရေး၊ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု တိုးပွားခိုင်မာစေရေးတို့အတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ယနေ့ထက်မနက်ဖြန်တွင် ပိုမိုတိုးတက်စေရအောင် မှန်ကန်သောနည်းလမ်းများဖြင့် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြ”

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အဆိုပါ ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်းသည် ဟင်္သာတ-ခနောင်-စကြော့(ညောင်တုန်း) ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ပထမအဆင့် စတင်အကောင်အထည်ဖော်နိုင်ခဲ့သည့် ရထားလမ်းပိုင်းသစ်ဖြစ်သည်။

မြန်မာ့မီးရထားက ဟင်္သာတ-ဇလွန်ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ယနေ့ဖွင့်ပွဲ အခမ်းအနားနေ့မှစ၍ သုံးရက်တိုင်တိုင် အခမဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတံတား(ညောင်တုန်း)

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပိုင်ရိုက်စက် ခုနစ်ခုဖြင့် ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးနိုင်ရေး ဆောင်ရွက်နေမှု၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ရရှိမှုအခြေအနေတို့နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းပြည့်မီရေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သော တည်ဆောက်ရေးပစ္စည်းများ အချိန်မီရောက်ရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့အတွက် ဂရုပြုဆောင်ရွက်သွားရန် တို့ကို အသေးစိတ် မှာကြားသည်။

ယှဉ်တွဲပါရှိ

ဧရာဝတီတံတား (ညောင်တုန်း) သည် တံတားအုတ်မြစ်နှင့် အောက်ထည် သံကူကွန်ကရစ် အမျိုးအစားနှင့် တံတားအပေါ်ထည် သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။ တံတားအရှည် ၇၄၀၂ ပေ ရှိပြီး ကားလမ်းနှင့် ရထားလမ်း ယှဉ်တွဲပါရှိသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်းဖွင့်ပွဲတွင် အထူးရထားဖြင့် ဒေသခံပြည်သူများ လိုက်ပါစီးနင်းကြစဉ်။ (သတင်းစဉ်)

လိုက်ပါစီးနင်း

ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်းဖွင့်ပွဲတွင် အထူးရထားဖြင့် ဒေသခံပြည်သူများ လိုက်ပါစီးနင်းကြစဉ်။ (သတင်းစဉ်)

ဘူမိနည်းပညာဆိုင်… ဟောပြောပွဲနှင့် A…

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော Current Status of Geotechnical Engineering …

ဩဂုတ်လထုတ် တေဇရုပ်စုံစာစောင် ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၁

ထူးဆန်းရှားပါးတိရစ္ဆာန်များဖြစ်သော လည်ဆံမွေးပါမျောက်သတ္တဝါတို့၏ မျက်နှာဖုံးဓာတ်ပုံနှင့်အတူ သိပ္ပံစိုးမြင့်နိုင်၊ … သန့်စင်၊ သိက္ခာ၊ လွမ်းမောင်(သုဝဏ္ဏ)၊ အကိန်း၊ ဖေစန်းတို့၏ တေဇတို့အရွယ် ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက်… တို့၏ဆောင်းပါးများ၊ ဆန်း(ပညာရေး)၏ ပုံပြင်ရှည်၊ Waddi Oo ၏ English For Tayza ကဏ္ဍ၊ ကာတွန်းမောင်ဒင်၏ အဖြေညှိ… ကလေးတို့၏အရေး ကဗျာတိုလေးများကို အားပါးတရဖတ်ရှု ကြရမည်ဖြစ်ပြီး တေဇရုပ်စုံ စာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းနှင့် ဒုတိယဆု… ဆုရစာစီစာကုံး ပါရှိသည်။

တေဇရုပ်စုံစာစောင်ကို အမှတ်(၁၈၁) (၃၂)လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရား… ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရှိရသည်။

အတွက် ရေရှည်အကျိုး
တိုင်းရင်းသားချစ်ကြည်
းခိုင်မာစေရေးတို့အတွက်
ာက်အအုံ တည်ဆောက်
းကို ယနေ့ထက်
ပိုမိုတိုးတက်စေရအောင်
ည်းလမ်းများဖြင့် တက်ညီ
လက်ကြိုးပမ်း ဆောင်ရွက်

ခုကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟသ်ာတ-ဇလွန် ရထားလမ်းပိုင်းဖွင့်ပွဲတွင် စတင်ပြေးဆွဲသည့် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ရထားလမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Machinery Import & Export Corporation ဥက္ကဋ္ဌ Mr. Sunjianrong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တန် ၆၀ CTMP (သာပေါင်း) သတင်းစာစက္ကူစီမံကိန်း တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချုပ်
အား
ာက်
င်ကို

စဉ်)

ဟသ်ာတ - ဇလွန် ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။

(သတင်းစဉ်)

နင်း
စဉ်)

ဘူမိနည်းပညာဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းအကြောင်း ဟောပြောပွဲနှင့် AER လက်မှတ်ပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော Current Status of Geotechnical Engineering ဟောပြောပွဲနှင့် AAET Fellowship, AER Asean Eng Certificate လက်မှတ်ပေးအပ်ပွဲကို ဇူလိုင် ၂၃ရက် (သောကြာနေ့)မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ ညနေ ၄ နာရီ ၄၅ မိနစ်အထိ လှိုင်တက္ကသိုလ် (လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Function Hall ၌ ကျင်းပမည်ဖြစ်ကြောင်း၊ Dato Ir Hong Lee Pee က Current Status of Geotechnical Engineering အကြောင်းကို ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဇူလိုင် ၂၁

ဝ့ဝါတို့၏ မျက်နှာဖုံးဓာတ်ပုံနှင့်အတူ သိပ္ပံစိုးမြင့်နိုင်၊ ဇာနည်တို့၏ကဗျာများ၊ တင်အောင်နီ၊
ယ် ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက်ကာတွန်းများ၊ မင်းထွန်းဦးနှင့် မောင်မိုး
sh For Tayza ကဏ္ဍ၊ ကာတွန်းမောင်ဒင်၏ အဖြေညှိစရာ ပဟေဠိပါ၊ ကလေးတို့၏အတွေး၊
း တေဇရုပ်စုံ စာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းနှင့် ဒုတိယဆုရကျောင်းသူလေး မသန့်စန္ဒာလင်း၏

-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ်
သည်။ (သတင်းစဉ်)

အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့် တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ် ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တမာလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း။ ။ ဆရာတော်လောင်းလျာသည် တနင်္သာရီတိုင်း လောင်းလုံမြို့နယ် အင်းဇောက်ရွာ ခမည်းတော် ဦးဘရှိန်၊ မယ်တော် ဒေါ်မြမြခင်တို့မှ ၁၂၈၇ ခုနှစ် တန်ခူးလဆန်း ၆ ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာတစ်ပါးဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း။ ။ ဆရာတော်လောင်းလျာသည် ၁၂၉၈ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်နေ့တွင် အင်းဇောက်ရွာ အင်းဇောက်အနောက်ကျောင်း ဆရာတော်ဘဒ္ဒန္တနန္ဒမာလာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်နေ့တွင် ဃောသိတာရာမပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ယင်းကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း ။ ။ ဆရာတော်လောင်းလျာသည် တနင်္သာရီတိုင်း လောင်းလုံမြို့နယ် အင်းဇောက်ရွာ အင်းဇောက်အနောက်ကျောင်းဆရာတော်၊ ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဃောသိတာဘိဝံသနှင့် တိုက်အုပ်တိုက်ကြပ် ဆရာတော်များထံ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့သည်။

စာပေ ပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း ။ ။ ဆရာတော်သည် ပါဠိတက္ကသိုလ် ကထိကစာချဆရာတော် အဖြစ်ဖြင့် စာပေပို့ချတော်မူရင်း ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဝန်ဆောင်လုပ်ငန်းများ၊ ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဓမ္မာစရိယစာမေးပွဲစာစစ်အဖြစ်ဖြင့်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ်ဖြင့်လည်းကောင်း သာသနာရေးဆိုင်ရာများကို အားပေးဆောင်ရွက်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း။ ။ ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလသိက္ခာကာမ ပရိယတ္တိဝိသာရဒ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၃၅၄ (၁၉၉၃) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် ၁၃၇၀(၂၀၀၉)ခုနှစ် တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း။ ။ ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါအရ (၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်)၂၁-၇-၂၀၁၀(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီ ၁၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၃၀ ၃။ ဓမ္မပူဇာတေး
- ၇း၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၅။ မွေးမြူသုတ
- ၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၃။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၃၂)
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၃၁)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏တစ်နေ့တာ
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကမ္ဘည်းတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၃၈)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ ဌာနဆိုင်ရာအကြီးအကဲများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

နေပြည်တော်ကွင်း အုပ်စု(က)

အမှတ်(၂)လျှပ်စစ်ဝန်ကြီးဌာန ငါးဂိုး
(သက်ငြိမ်းချမ်း၊ အောင်ပြည့်ဖြိုး၊ သောင်းလွင်၊ ထက်ထက်လင်း၊ တင်စိုးနိုင်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး တစ်ဂိုး
(ချစ်ကို)

ဒိုင် ဦးသောင်းလှိုင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ခ)

ပို့ဆောင်ရေးဝန်ကြီးဌာန လေးဂိုး
(ဝင်းထွဋ်ဦးနှင့် ပြည့်ဖြိုးအောင်-နှစ်ဂိုးစီ)

အမှတ်(၂)စက်မှုဝန်ကြီးဌာန နှစ်ဂိုး
(သက်ပိုင်ဦး)

ဒိုင် ဦးအောင်သိန်း(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(ခ)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခြောက်ဂိုး
(တေဇာဟန်-နှစ်ဂိုး၊ ဝေလင်းနိုင်-နှစ်ဂိုး၊ ကျော်ဇေယျနှင့် နေမျိုးအောင်)

ရွှေနေချုပ် တစ်ဂိုး
(မျိုးကျော်)

ဒိုင် ဦးအောင်ထွန်း(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၂-၇-၂၀၁၀ ရက်ပွဲစဉ်များ

နေပြည်တော်ကွင်း အုပ်စု(ဂ)

နယ်စပ်/စည်ပင်နှင့် စီးပွား/ကူးသန်း

ပေါင်းလောင်းကွင်း အုပ်စု(ဂ)

မွေးမြူရေးနှင့် ရေလုပ်ငန်းနှင့် ဟိုတယ်/ခရီး

လယ်ဝေးအားကစားကွင်း အုပ်စု(ဃ)

ပညာရေးနှင့် စီမံ/စီးပွား (၁၀၇)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်းနေ ကွယ်လွန်သွားသော နှစ်ဖက်သောမိဘများနှင့် ဦးကီးယားအားရည်စူး၍ ဒေါ်ရှုရင် (ရွှေမန်းနို့ဆီ) ပိုင်ရှင်မိသားစုက လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

တစ်ခုတည်းသောနောက်ဆုံးပေါ် Fibroscan စက်အသစ်ဖြင့် မြန်မာနိုင်ငံ၌ အသည်းရောဂါစစ်ဆေးနိုင်ပြီ

ရန်ကုန် ဇူလိုင် ၂၁

အသည်းခြောက်၊ အသည်းကြွပ်၊ အသည်းအဆီဖုံးခြင်း ရောဂါများအတွက် အသားစ နမူနာယူစစ်ဆေးခြင်း (Liver Biopsy)ကို အစားထိုးလျက် စစ်ဆေးနိုင်သော နောက်ဆုံးပေါ် စစ်ဆေးမှုကို မြန်မာနိုင်ငံ၌ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း၊ Fibroscan ဟုခေါ်သော ၎င်းစက်သည် Transient Elasto Graphy နည်းပညာဖြင့် လူနာအား လုံးဝမနာကျင်စေဘဲ စက္ကန့်အနည်းငယ်အတွင်း အသည်းခြောက်ခြင်းအဆင့်ကို တိကျစွာဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ Fibroscan စက်ဖြင့် စစ်ဆေးခြင်းသည် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော တယ်လီဖေးရှင်းဓာတ်မှန်တစ်မျိုး ဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံ Echosens ကုမ္ပဏီမှ ထုတ်လုပ်ပြီး ကမ္ဘာပေါ်တွင် အလုံး ၆၀၀ ကျော်အနက် အရှေ့တောင်အာရှတွင် ၁၀ လုံးကျော်သာရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် တစ်ခုတည်းသော ယူနစ်ဖြစ်ကြောင်း သိရသည်။

အဓိကအားဖြင့် အသည်းရောင်ဘီပိုး၊ စီပိုးရှိသူများ၊ အသည်းအဆီဖုံးသူများနှင့် အရက်သောက်၍ အသည်းမကျန်းမာသူများ၊ အသည်းကျန်းမာရေးကို ပုံမှန်စစ်ဆေးလိုသူများအတွက် မရှိမဖြစ်သော စစ်ဆေးခြင်းဖြစ်ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ပြည်ပနိုင်ငံများထက် များစွာ သက်သာသောနှုန်းဖြင့် SML Advanced Medical Laboratory တွင် စစ်ဆေးပေးနေကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၄၄၆၃၊ ၅၄၄၄၆၄ နှင့် ၅၄၄၄၆၅ တို့သို့ နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ တိုက်ရိုက် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမက(၁၄) မရမ်းကုန်း၏ ကျောင်းခြံစည်းရိုးအတွက် တော်ဝင်မိသားစု ကုမ္ပဏီက ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးတို့ လက်ခံယူစဉ်။ (ကြေးမုံ)

ဗဟန်းမြို့နယ် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများ ဆိုင်းဘုတ်တင်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ ဦးဆောင်မှုဖြင့် ကျိုက္ကဆံရပ်ကွက် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ဗဟန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ကျိုက္ကဆံရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ကော်မရှင်အဖွဲ့ဝင်များက ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

တက်ရောက်အားပေး

အလားတူ ဗဟန်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားများကို ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲဝင်များ တက်ရောက်အားပေးကြသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များသည် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

Singapore STET Institute မှ ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

Singapore နိုင်ငံရှိ STET Institute မှ ပညာရေးဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိနှင့် ဇူလိုင် ၂၅ ရက် ညနေ ၄ နာရီမှ ၆ နာရီအထိ ကုန်သည်ကြီးများဟိုတယ် တတိယထပ်ရှိ ကုန်းဘောင်တဘောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများလည်း တက်ရောက်နိုင်ပြီး တက်ရောက်သင်ကြားနိုင်သော ဘာသာရပ်များမှာ Diploma in Hospitality Management (hottest course), Advanced Diploma in Hospitality Management (hottest course), Diploma in Business Administration and Private Secretary, International English Language (IESOL) တို့ဖြစ်သည်။

STET Institute သည် Edutrust Certificate ကို ပုဂ္ဂလိကပညာရေးကောင်စီမှ ဦးဆုံးထုတ်ပြန်သည့် ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ယုံကြည်စိတ်ချရသည့် Registrered Private Education Institution တစ်ခုဖြစ်ကြောင်း၊ ဆွေးနွေးပွဲတက်ရောက်လိုသူများသည် ဖုန်း - ၅၄၆၁၁၅ သို့ ဆက်သွယ်၍ နေရာစာရင်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

101 ဆံပင်ပေါက်ဆေးမှ ကျွမ်းကျင်ပညာရှင်များမှ
ဆံပင်ကျန်းမာရေး အခမဲ့ပေးသင်ပေးမည့်အစီအစဉ်
၂၃-၇-၂၀၁၀ မှ ၂၄-၇-၂၀၁၀ အထိ
နေပြည်တော် Junction နေပြည်တော်
ရန်ကုန်မြို့ United Living Mall
မန္တလေးမြို့ 101 Centre (65)လမ်းမြို့သစ်
10 ~ 25% Discount
Phone : 01-518088, 02-62253, 09-8629300

ရွှေပညာသင်တန်း
40% OFF
PH: 09-515 8813 , 01-73038198

ဝန်ထမ်းအလိုရှိသည်
Tour Company F(2)Post
Sales Staff for Inbound tour
MS Excel
Reservation Staff F(1)Post
Booking
MS word နှင့် Excel
Operation Assistant F(1)Post
Ticketing Staff F(2)Post
Training
HR/Admin Manager M(1)Post
M(1)Post
Columbus Travels
Ph : 215868

ငါးရစ်ငါးသန် ဘောမွဲချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

လှဗိုလ်ဖြူ စားကောင်း အိပ်ပျော်ဆေး

ဟားကန့်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွား လူသေဆုံး ထိခိုက်ဒဏ်ရာရမှုမရှိ

နေပြည်တော် ဇူလိုင် ၂၁

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ၌ ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နမ့်မားယန်ချောင်းနှင့် ဥရုချောင်းရေမြင့်တက်ခဲ့ပြီး လုံးခင်းကျေးရွာအုပ်စု ကုဋ္ဌေကျေးရွာ အနီးအကျယ် ၁၀ ပေ၊ အမြင့် ၁၀ ပေရှိ ကိုယ့်အားကိုယ်ကိုး ရေတားတမံ ကျိုးပေါက်ခဲ့သဖြင့် ဖားကန့်မြို့ မြို့မရပ်ကွက်၊ မရှိကထောင်ရပ်ကွက်၊ ငှက်ပျောတောရပ်ကွက်၊ အေးမြသာယာရပ်ကွက်၊နန့်မဖြစ်ကျေးရွာ၊ လုံးခင်းကျေးရွာနှင့် ကုဋ္ဌေကျေးရွာတို့ရှိ လူနေအိမ်အချို့မျောပါပျက်စီးခြင်း၊ ရေဝင်နစ်မြုပ်ခြင်းတို့ ဖြစ်ပွားခဲ့ရာ ရေဘေးသင့် ပြည်သူများအား ဒေသဆိုင်ရာအာဏာပိုင်များ၊ တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရေဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါရေကြီးမှုကြောင့် လူသေဆုံးထိခိုက်ဒဏ်ရာရမှု မရှိကြောင်း၊ ယခုအခါ ရေပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ကျိုးပေါက်သွားသော မြေသားတမံအား ပြန်လည်ဆယ်ဖို့မြှင့်တင်ခြင်း၊ ချောင်းဘေးတစ်လျှောက်အန္တရာယ်ရှိသောနေရာများတွင် ဆောက်လုပ်ထားသောအိမ်များအား ရေဘေးအန္တရာယ်လွတ်ကင်းသော နေရာများသို့ ရွှေ့ပြောင်းခြင်းတို့အား တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်-နေ့လယ်-ည)

၂၂-၇-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော (အာဠာနာဋိယသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (ရှိခိုးကန်တော့ခြင်း)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ဆုဇီ)
၁၁း၄၅	သိပ္ပံပညာသိကောင်းစရာ အနာဂတ်ကမ္ဘာ့စွမ်းအင်လိုအပ်ချက်ကို ဖြည့်ပေးမယ့် ရေခဲလောင်စာများ
၁၁း၅၅	တေးသီချင်း
၁၂း၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ(ဝါဆို)
၁၂း၃၀	Music Talk တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	အမှတ်တရတေးလက်ဆောင်
၅း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (ချစ်ခြင်းမေတ္တာနှင့် တာဝန်သိမှု) တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ညနေခင်းတေးပဒေသာ
၆း၂၅	ကျေးလက်ဇာတ်လမ်း (ရေထဲကအရိပ်)
၆း၄၅	ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၇း၃၀	သုတစုံကြွယ်သိစေဖွယ်- ဆင်းရဲရာမှ ချမ်းသာရာသို့
၇း၄၀	ရေဒီယိုအတိတ်တေးအရိပ်
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (နှစ်ကိုယ်ကြား)
၈း၅၀	သူ့လက်သံ-စန္ဒရား ထွန်းညွန့်ရဲ့ စန္ဒရားလက်သံ စီးပွားရေးဦးတည်ချက်
၉း၀၀	ဆောင်းပါး (စိတ်ချမ်းသာနည်းများ)
၉း၀၅	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ညောင်လေးပင်မြို့နယ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA) ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်က ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ဆေးရုံဟောင်းလမ်းထိပ်၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်သက်နိုင်နှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်းတို့ အသင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ကြေးမုံ)

ခြင်ဆေးဖျန်း

ကျောက်တန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စာသင်ကျောင်း ၁၀ ကျောင်းအား ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၇၊ ၁၈ ရက်များက ဆောင်ရွက်ရာ မြို့မကျောင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၄ဒသမ ၃၇လက်မ၊ မောင်တောမြို့တွင် ၃ဒသမ ၁၉လက်မ၊ ဖလမ်းမြို့တွင် ၁ဒသမ ၉၇လက်မ၊ မြစ်ကြီးနားမြို့နှင့် ဘားအံမြို့တို့တွင် ၁ ဒသမ ၉၂ လက်မစီ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၅၇ လက်မနှင့် ဂန့်ဂေါမြို့တွင် ၁ ဒသမ ၃၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၂၂ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အထက(၁)တပ်ကုန်း အာစရိယပူဇော်ပွဲကျင်းပရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်တပ်ကုန်း အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၈ရက် မွန်းလွဲ၁နာရီက အဆိုပါ ကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်၊ ကျောင်းအုပ်ကြီး ဦးမြင့်ကြည်တို့က အမှာစကားပြောကြားပြီး ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းလတ်က အာစရိယပူဇော်ပွဲကျင်းပရခြင်းကိုရှင်းလင်း ပြောကြားသည်။

ထို့နောက် စတုတ္ထအကြိမ် ရသုံးငွေ စာရင်းရှင်းတမ်းကိုဘဏ္ဍာရေးမှူးဒေါ်တင့်တင့်ကြည်က ရှင်းလင်းတင်ပြပြီး ပူဇော်ပွဲကို အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပရန် သဘောတူဆုံးဖြတ်ကြသည်။

အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး အတွက် ဒေါက်တာဝင်းလတ် ဖုန်း-၀၆၇-၇၀၂၄၂၊ ဦးတင်ဝင်းတိုး ဖုန်း-၀၆၇-၇၀၀၈၈၊ ဒေါ်ခင်ရွှေ ဖုန်း-၀၆၇-၇၀၀၂၉၊ ဒေါ်စုစုဝင်း ဖုန်း-၀၆၇-၇၀၀၃၄၊ ၇၀၃၉၆၊ ဒေါ်အမာစိန် ဖုန်း-၀၆၇-၇၀၂၇၀၊ ၇၀၈၀၈၊၀၉-၈၃၀၁၅၄၁ တို့ထံဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(၅၆၄)

ကျောင်းပြင်ပ မူလတန်းပညာရေး သင်တန်းဖွင့်

မော်လမြိုင်ကျွန်း ဇူလိုင် ၂၁

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မဟာဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညွန့်ညွန့်ရီ၊ ဧရာဝတီတိုင်း လက်ထောက်တိုင်းပညာရေးမှူး (စစ်ဆေးရေး) ဦးမင်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင်မင်းတို့က အမှာစကား ပြောကြားကြသည်။

အခမ်းအနားတွင် ကျောင်းပြင်ပ မူလတန်းပညာရေးတွင် တစ်နိုင်ငံလုံး စွမ်းဆောင်ရည်အကောင်းဆုံး တတိယဆုရရှိခဲ့သဖြင့် ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ်ပညာရေးမှူး ဦးတင်မင်းက မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်ထံ လွှဲပြောင်းပေးအပ်သည်။

(အောက်ပုံ)

ထို့နောက် မြို့နယ်လုပ်ငန်းရှင်များနှင့် မြို့နယ်ပညာရေးမိသားစုများက စုပေါင်းလှူဒါန်းငွေကျပ် ၁၆ သိန်းကျော်အား ဘဏ္ဍာရေးကော်မတီထံ ပေးအပ်လှူဒါန်းကြသည်။

(၃၆၄)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်ဖြစ်သော ရှမ်းပွဲရပ် ဝေဇယန္တာလမ်းနှင့် မြို့မအလက လမ်းထောင့်ကွန်ကရစ်တံတားကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအောင်ကိုကိုဦး တာဝန်ယူဆောက်လုပ်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဇော်မင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆောမြို့ အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းမှု စစ်ဆေး

ဆော ဇူလိုင် ၂၁

ဆောမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သည့် အနော်ရထာလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း အရှည် ၇၆၅ ပေ ၊ အကျယ် ၁၂ပေ ဆောင်ရွက်မှုအခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးဟန်မြင့်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၂၁

နဝမအကြိမ်မြောက်အသင်းဝင်များနှင့် ဒိုက်ဦးနွယ်ဖွားများ၏ အစည်းအဝေးကို ဇူလိုင် ၂၆ရက်(တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီထိ ဗဟန်းမြို့နယ် ကြားတောရလမ်း“ပ”သုံးလုံးကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း၊ ကြိုတင်လှူဒါန်း လိုသူများသည် ဦးမောင်မောင်ဌေး ဖုန်း-၃၇၃၉၇၇၊ ဦးမြညွန့် ဖုန်း-၅၄၅၄၉၈၊ ဦးမြင့်သိန်း၊ ဒေါ်ခင်အေးမြင့် ဖုန်း-၂၉၀၄၀၇၊ ဦးတင်နု ဖုန်း-၇၀၆၇၆၆၊ ဦးကျော်ဝင်း ဖုန်း-၄၃၀၅၇၆၇၉၊ ဒေါ်အုန်းမြင့် ဖုန်း-၂၉၇၀၅၈နှင့် ဦးကြည်မြင့် ဖုန်း-၄၃၀၄၀၄၁၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ဟောပြောပွဲကျင်းပ

မြိတ် ဇူလိုင် ၂၁

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသော အသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ရက်က မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ဝဲပုံ)** ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် လက်ထောက်တိုင်းဥပဒေအရာရှိ ဒေါ်ဘေဘီစောက “အမျိုးသမီးများဆိုင်ရာ အခွင့်အရေးနှင့် အမျိုးသမီးများအား ကာကွယ်သည့် ဥပဒေ”အကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောသည်။

(မြို့နယ်ပြန်/ဆက်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဝိုင်းမော်မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွန်းဝင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သင့်သွေးဖြင့် အသက်ကယ်ပါ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူး ပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ပြည်သူ့ထံမှ ပေးစာများ

မီးသတ်ကန်ဘေး ဈေးရောင်းချမှု ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ပဲခူးတိုင်း ညောင်လေးပင်မြို့ ဈေးအနောက်လမ်းနှင့် ဈေးတောင်ဘက်လမ်းထောင့်တွင် အရေးပေါ်အသုံးပြုနိုင်ရန် မီးသတ်ရေကန်ထားရှိပါသည်။ ယခုအခါ အဆိုပါ မီးသတ်ကန်ဘေးပတ်လည်တွင် အမိုးအကာခုံများ ခင်းကျင်း၍ ဈေးရောင်းချနေကြပါသဖြင့် မီးသတ်ရေကန် အလွယ်တကူ အသုံးပြုနိုင်ရေး အနှောင့်အယှက် ဖြစ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မီးသတ်ကန်ဘေးရှင်းလင်းနေစေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညောင်လေးပင်သား

ကာရာအိုကေသီချင်းသံ ပတ်ဝန်းကျင်ဆူညံ

စာတည်းခင်ဗျား-

တွံတေးမြို့နယ် ဆင်ခြံကျေးရွာရှိ ဗွီစီဒီအခွေငှားဆိုင်သည် နေ့စဉ်ညတိုင်း သီချင်းများကို ကျယ်လောင်စွာဖွင့်ခြင်း၊ အခကြေးငွေယူ၍ အသံလုံခန်းမရှိဘဲ ကာရာအိုကေသီချင်းများ သီဆိုနေခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ အနှောင့်အယှက်ဖြစ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ရေစီးရေလာကောင်းစေလို

စာတည်းရှင့်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဂိတ်ဟောင်းကွေ့တွင် မိုးရွာချိန်၌ ရေလျှံမှုများဖြစ်ပေါ်သဖြင့် မြိတ်လမ်းမကြီးနှင့် စည်ပင်လမ်းထောင့်ရှိ ဂိတ်ဟောင်းကွေ့ နေအိမ်များအတွင်းသို့ ရေဆိုးများဝင်ရောက်နေပြီး သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ မကြာခဏ ဖြစ်ပွားပါသည်။ သို့ဖြစ်ပါ၍ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ၊ ရပ်ကွက်သားများ

ကြက်မွေးမြူရေးခြံ အနံ့ဆိုးနံ့

စာတည်းခင်ဗျား-

စစ်ကိုင်းမြို့ ထုံးဘိုတိုက်နယ် မင်းစံရပ်ကွက်တွင် အသားစား၊ ဥစားကြက်များ စီးပွားဖြစ်မွေးမြူလျက်ရှိရာ ကြက်ချေးနှင့် အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ၊ရပ်ကွက်သားများ

လမ်းဆုံမှအမှိုက်ပုံ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ကျောက်ပန်းတောင်းမြို့ မြို့မစည်ပင်သာယာဈေး အရှေ့မြောက်ထောင့် ဈေးအရှေ့ဘက်လမ်း၊ မြောက်လမ်းနှင့် အထက(၁)ကျောင်းလမ်းတို့ ဆုံရာနေရာတွင် မြို့မဈေးမှ အမှိုက်နှင့် ငါးပိ၊ ငါးပိကောင်၊ ကြက်ဥပုပ်၊ ဘဲဥပုပ်နှင့် ကြွက်သေများကို စုပုံထားရှိပါသည်။

အဆိုပါ စွန့်ပစ်အမှိုက်နှင့် အညစ်အကြေးအနံ့ဆိုးများကို ကျောင်းသား၊ ကျောင်းသူများ၊ လမ်းသွားလမ်းလာများနှင့် ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျောက်ပန်းတောင်းသား

ခွေးလေခွေးလွင့် ရှင်းလင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မာလာနွယ်လမ်း၊ ကူးတို့ဆိပ်အနီးဝန်းကျင်တွင် ခွေးလေခွေးလွင့်များ ပေါများလျက်ရှိရာ လမ်းသူ၊ လမ်းသားများနှင့် ခရီးသွားပြည်သူများ ခွေးကိုက်မည့်အန္တရာယ် စိုးရိမ်နေရပါသည်။ သို့ဖြစ်ပါ၍ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ကြက်မွေးမြူရေးခြံ အနံ့ဆိုးဆောင်ရွက်ပြီးစီး

၆-၆-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဖြူးမြို့ ရေလျှံကြီးကျေးရွာ အုပ်စု ဖြူးချောင်းတံတားအနီးမှ **ကြက်မွေးမြူရေးခြံ အနံ့ဆိုးနံ့** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

လက်ကိုင်သစ်ခွဲစက်ဆူညံမှု ဆောင်ရွက်ပြီးစီး

၁၃-၆-၂၀၁၀ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကျိုက်ထိုမြို့၊ ကံ့ကော်ရပ်ကွက်၊ အောင်ချမ်းသာ(၄)လမ်းမှ **လက်ကိုင်သစ်ခွဲစက်ပြုပြင်သံကြောင့် ပတ်ဝန်းကျင်ဆူညံ**ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ဝက်မွေးမြူ ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိ ဆောင်ရွက်ပြီးစီး

၂၀-၆-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မကွေးမြို့ အောင်ရတနာ အုပ်စု ရန်နိုင်ရပ်ကွက် (၂၄) လမ်းမှ **ဝက်မွေးမြူပတ်ဝန်းကျင် သန့်ရှင်းမှုမရှိ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

သားသတ်လုပ်ငန်းအနံ့ဆိုးနံ့ ဆောင်ရွက်ပြီးစီး

၂၇-၆-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မိတ္ထီလာမြို့ နန်းတော်ကုန်းနယ်မြေ သာယာကုန်း (၂)ရပ်ကွက်မှ **သားသတ်လုပ်ငန်းအနံ့ဆိုးနံ့** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

မိုးစက်လေပြည် ညင်းသွဲ့ချိန်၊ ကျောင်းဝင်းတံခါးတွေ ဖွင့်ဟချိန်
"BETTER WORLD ဖလာစာအုပ်"များမှာ
မြစ်ကြတဲ့အချိန်. . .
E-mail: gusi@baganmail.net.mm



ကြည့်မြင်တိုင်မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ၏ ဦးဆောင်ပံ့ပိုးမှု၊ မြို့နယ်ကျန်းမာရေးကော်မတီ၏အနီးကပ်စောင့်ရှောက်မှုဖြင့် မြို့နယ်အတွင်း နာတာရှည်ရောဂါ ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဇူလိုင် ၁၆ ရက်က ကြည့်မြင်တိုင်မြို့နယ် အထက(၁) မြဝတ်ရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး၊ အမျိုးသားခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဥမ္မာစံ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီရိနွယ်နှင့် ဒေါက်တာယဉ်သန္တာလွင်၊ တိုင်းတီဘီရောဂါနှင့် အနာကြီးရောဂါတိုက်ဖျက်ရေးမှ ဆရာဝန်ကြီးများ၊ အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆရာဝန်ကြီးများက ကဏ္ဍအလိုက် ဟောပြောကြသည်။

ထို့နောက် အဆိုပါပူးပေါင်းအဖွဲ့သည် ဈေးကလေးရပ်ကွက်အတွင်းရှိ နာတာရှည်ဝေဒနာရှင် ၂၀ တို့အား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးပြောကြားကြပြီး ဆေးဝါးနှင့် အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

(အပေါ်ယာပုံ) (၅၄၆)

သဃ်န်းကျွန်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ့က ကြီးမှူးကျင်းပသော ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက သဃ်န်းကျွန်းမြို့နယ် အထက(၁) သပြေခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရွှေအိက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ကျော်ဟိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမောင်ဝင်း၊ ဒေါ်မြင့်မြင့်မော်၊ ဦးထွန်းအေး၊ ဦးဌေးမြင့်၊ ဦးကျော်ကျော်ထွန်း၊ ဦးညွန့်ရွှေနှင့် ဒေါ်ဆွေဆွေညွန့်တို့က ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး ပို့ချကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၁၈ ဦး တက်ရောက်ကြသည်ဟု သိရှိရသည်။ (၅၀၆)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်နှင့် ဦးရဲမြင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက်က အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း မြင့်မိုရ်ခန်းမ၌ ကျင်းပသည်။

ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို ဆွေးနွေးပို့ချပြီးနောက် မဲရုံတွင် ဆန္ဒမဲပေးမှုကို လက်တွေ့သရုပ်ပြ ရှင်းလင်းပို့ချပြီး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင် ၂၅၇ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်နှင့် ဦးရဲမြင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် အဖွဲ့ဝင် ဦးခင်အောင်၊ မြို့နယ်

(မြို့နယ်ပြန်/ဆက်)

ကျောက်ကြီးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တောင်ငူ ဇူလိုင် ၂၁

၂၀၁၀ ခုနှစ် ကျောက်ကြီးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက တောင်ငူခရိုင် ကျောက်ကြီးမြို့ရှင်သီဝလိခြေတော်ရာ တောင်စောင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကိုကိုလတ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ထွေးနှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်၍ ကျွန်းပင်ပေါင်း ၃၇၁ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)



ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အမှတ်(၂) လမ်းသဲကျောက်ခင်းခြင်းနှင့် ဗထူးလမ်း သဲကျောက်ခင်းခြင်းတို့ကို လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွန်းဝင်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုး အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင် မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊ တောင်ကြီးခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာစိုင်းခမ်းလှိုင်နှင့် ဒေါက်တာခင်မောင်နု၊ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ တောင်ကြီးခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပွင့်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တောင်ကြီးခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဦးက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ **စာမျက်နှာ ၅ ကော်လံ ၁ သို့**

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ပြည်သူ့လူ့ဘောင်သစ်ပါတီ(ပလဘသ) PEOPLE 'S NEW SOCIETY PARTY (PNSP) အဖွဲ့က ၂၀၁၀ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ပါတီတည်ထောင်ခွင့် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၅)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ (၃၉)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❋ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❋ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❋ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❋ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❋ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❋ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❋ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❋ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❋ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❋ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး